စိတ်ကူးချိုချိုစာစဉ်

# ဖိုးဝရုပ်

## ကလေးကဗျာများ

နန္ဒာမိုးကြယ်



mgyoe.com

## ဖိုးဝရုပ်

ဗျာပါခံလေး နှစ်ဖက်ချ
ချစ်ဖွယ်ကောင်းပေစွ။
ကြည်သာရွှင်ပျ ပြုံးနေတာ
ကြည်နူးစဖွယ်ပါ၊
ပါးပြင်ထက်မှာ လိမ်းခြယ်ထား
ဝိုင်းစက် ပါးကွက်ကျား။
ဆွဲပြားဝိုင်းနဲ့ အလှဆင်
ဘယ်ခါကြည့်ကြည့် ယဉ်၊
ခါးတောင်းကျိုက်လျှင် သူမဖြုတ်
ကိုယ်ပိုင် သူ့သရုပ်။
စတိုင်ထုတ်လည်း သူ့မှုဟန်
မြန်မာ့ သရုပ်မှန်၊
ကိုယ့်နိုင်ငံတော် ဂုဏ်ဆောင်ပေး
ဖိုးဝရုပ်ကလေး။ ။



mgyoe.com

POEM0087
1,800.00 KS

mgyoe.com

ဗိုးဝရုပ်(ကလေးကဗျာများ)၊ နန္ဒာမိုးကြယ်
မျက်နှာဖုံးနှင့် အတွင်းသရုပ်ဖော် - အာကာ
စာမျက်နှာ ၉၆ မျက်နှာ၊ ၁၄ • ၅ စင်တီ× ၂၀ •၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းဟ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဩဂုတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁ ၈ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

## မာတိကာ


※ **စကားဦး** . . . . . . . . . . ၁
၁။ သုံးပါးသရဏဂုံ . . . . . . . . . . ၂
၂။ အိပ်ရာဝင် အိပ်ရာထ . . . . . . . . . . ၄
၃။ အဖြေပေးပါ . . . . . . . . . . ၅
၄။ အနန္တငါးဖြာ . . . . . . . . . . ၆
၅။ သားသားမုန့်မျိုးစုံ . . . . . . . . . . ၈
၆။ သစ်ပင်ချစ်သူ . . . . . . . . . . ၁၀
၇။ က,ကာ,ကား . . . . . . . . . . ၁၁
၈။ တာဝန်ကျေသူများ . . . . . . . . . . ၁၂
၉။ မီး . . . . . . . . . . ၁၄
၁၀။ ရှောင်စေ ရှားစေ . . . . . . . . . . ၁၅
၁၁။ မြေးလေးချက်စူ . . . . . . . . . . ၁၆
၁၂။ မေကဆုန် . . . . . . . . . . ၁၇
၁၃။ မင်္ဂလာနှစ်သစ် . . . . . . . . . . ၁၈
၁၄။ ဉာဏ်စမ်းကဗျာ . . . . . . . . . . ၂၁
၁၅။ ဆောင်းနံနက်ခင်း . . . . . . . . . . ၂၂


mgyoe.com

mgyoe.com

၁၆။ စာကြည့်တိုက်မှ တစ်ဆင့် . . . . . . . . . . . ၂၃
၁၇။ မျိုးချစ်ငှက် . . . . . . . . . . . ၂၄
၁၈။ ပန်းသစ္စာ . . . . . . . . . . . ၂၆
၁၉။ မင်္ဂလာမွေးနေ့ . . . . . . . . . . . ၂၇
၂၀။ ပန်းပြည်ထောင်စု . . . . . . . . . . . ၂၉
၂၁။ အမှိုက်ရှင်းကြစို့ . . . . . . . . . . . ၃၀
၂၂။ ကိုယ့်ဟောဝန်မြိုင် . . . . . . . . . . . ၃၃
၂၃။ ထူးမြတ်ကဆုန် . . . . . . . . . . . ၃၅
၂၄။ ပျော်ပြိုင်ပြေး . . . . . . . . . . . ၃၆
၂၅။ မိုးဦးလေညီး . . . . . . . . . . . ၃၈
၂၆။ သဒ္ဓါစိတ် . . . . . . . . . . . ၄၀
၂၇။ ဥပုသ်စောင့် . . . . . . . . . . . ၄၁
၂၈။ ပန်းကဗျာ . . . . . . . . . . . ၄၃
၂၉။ ငှက်ပဟေဠိ . . . . . . . . . . . ၄၄
၃၀။ သားသားမောင်းတဲ့ ကားကလေး . . . . . . . . . . ၄၆
၃၁။ ကျေးဇူးတရား . . . . . . . . . . . ၄၉
၃၂။ လူလည်ရေခဲ . . . . . . . . . . . ၅၀
၃၃။ မင်္ဂလာနှစ် . . . . . . . . . . . ၅၁
၃၄။ ရည်ရွယ်ချက် . . . . . . . . . . . ၅၃
၃၅။ ပန်းပွင့်မိုး . . . . . . . . . . . ၅၄
၃၆။ အဆိပ်အတောက် . . . . . . . . . . . ၅၆
၃၇။ ဆွမ်းကုသိုလ် . . . . . . . . . . . ၅၈
၃၈။ မင်္ဂလာနေ့ရက်များ . . . . . . . . . . . ၆၀
၃၉။ ပြာသိုကဗျာ . . . . . . . . . . . ၆၁
၄၀။ မြန်မာ့တန်ဆောင် . . . . . . . . . . . ၆၂

mgyoe.com

mgyoe.com

၄၁။ စံပြငှ . . . . . . . . . . ၆၄
၄၂။ ငြိမ်းချမ်းဆု . . . . . . . . . . ၆၅
၄၃။ တူမျှမေတ္တာ . . . . . . . . . . ၆၆
၄၄။ ပြုံးရအောင် . . . . . . . . . . ၆၇
၄၅။ အိပ်ရာဝင်ကဗျာ . . . . . . . . . . ၆၈
၄၇။ အမွေအနှစ် . . . . . . . . . . ၇၀
၄၈။ ခြံထွက်ကုသိုလ် . . . . . . . . . . ၇၂
၄၉။ မျက်နှာ . . . . . . . . . . ၇၄
၅၀။ ပြည်ထောင်စုနေ့ . . . . . . . . . . ၇၆
၅၁။ လမြတ်ဝါခေါင် . . . . . . . . . . ၇၇
၅၂။ လေ့လာရေး . . . . . . . . . . ၇၉
၅၃။ မြန်မာ့ရာသီခွင် . . . . . . . . . . ၈၀
၅၄။ စာကြည့်တိုက် . . . . . . . . . . ၈၁
၅၅။ ကြိုးကြာတေး . . . . . . . . . . ၈၂
၅၆။ မတ်လကဗျာ . . . . . . . . . . ၈၄
၅၇။ အလင်းရာသီ . . . . . . . . . . ၈၅
၅၈။ အာဇာနည်နေ့ . . . . . . . . . . ၈၆
၅၉။ မြန်မာစာ မြန်မာစကား . . . . . . . . . . ၈၈
၆၀။ အဖိတ်နေ့ . . . . . . . . . . ၈၉
၆၁။ ဖိုးဝရုပ် . . . . . . . . . . ၉၀
၆၂။ မင်္ဂလာအဖွင့် . . . . . . . . . . ၉၂
၆၃။ မြိုင်မဟာဂီတအဖွဲ့ . . . . . . . . . . ၉၃
၆၄။ စိတ်ထားတံခွန် . . . . . . . . . . ၉၄



mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# စကားဦး

ကလေးငယ်တိုင်း ကဗျာရွတ်ဆိုရခြင်းကို လွန်စွာနှစ်သက်ကြပါသည်။ မိမိတို့ ငယ်စဉ်ကလေးဘဝကလည်း ကဗျာရွတ်ဆိုရမည်ဆိုလျှင် ပျော်နေတတ်ကြသည်။ ကဗျာရွတ်ဆိုကြရင်းမှပင် သိမ်မွေ့နူးညံ့သော၊ လိမ္မာယဉ်ကျေးသော ကလေးငယ်များ ဖြစ်လိုခဲ့ကြသည်။ သည်ရည်ရွယ်ချက်ဖြင့်ပင် ချစ်လှစွာသော ကလေးကဗျာများကို အခါအားလျော်စွာ ရေးဖြစ်ခဲ့ပါသည်။ အထူးသဖြင့် ရတနာပန်းခင်းမဂ္ဂဇင်း၏ နေရာပေးမှုကြောင့် လစဉ်နီးပါးမျှ ရေးဖြစ်ခဲ့ပါသည်။

ဤ၌ ကလေးကဗျာများအား ကလေးတို့ အသံနေအသံထား စုံလင်ပျော်ရွှင်စွာ ရွတ်ဆိုနိုင်ရန် စပ်ဆိုရေးဖွဲ့ခဲ့ပါသည်။ သဘာဝကို ချစ်ခင်တတ်ရန်၊ ဘာသာတရားကို ကိုင်းရှိုင်းရန်၊ မိဘဆရာသမား၊ ကျေးဇူးရှင်တို့အပေါ် ရိုသေလေးစားတတ်ရန်၊ မိမိတို့နိုင်ငံကို ချစ်မြတ်နိုးရန်၊ စိတ်ကောင်း, စေတနာကောင်းများ မွေးမြူတတ်ရန်၊ မြန်မာ့ဆယ့်နှစ်လရာသီပွဲတော်များနှင့်ရင်းနှီးရန်၊ မိမိတို့ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းတတ်ရန်၊ ပတ်ဝန်းကျင်ကို ဂရုပြုစောင့်ရှောက်တတ်ရန်. . . အစရှိသဖြင့် ရည်ရွယ်ချက်စုံ၊ အကြောင်းအရာစုံ ရေးဖွဲ့ထားပါသည်။

အနာဂတ်ကို ပိုင်စိုးမည့် သားကောင်းရတနာကလေးများ ဖြစ်ကြပါစေသတည်း။



mgyoe.com

mgyoe.com

# သုံးပါးသရဏဂုံ



mgyoe.com

mgyoe.com



## သုံးပါးသရဏဂုံ

- ဘုရားမြတ်စွာ၊ ဘဂဝါ
  ဆယ်ဖြာစုံမိုး ပူဇော်၏။
  (ဗုဒ္ဓံသရဏံ ဂစ္ဆာမိ)။
- တရားလျှံဝါ၊ ဒေသနာ
  ဆယ်ဖြာစုံမိုး ပူဇော်၏။
  (ဓမ္မံသရဏံ ဂစ္ဆာမိ)။
- ထေရ်မြတ်သံဃာ၊ ဦးထိပ်မှာ
  ဆယ်ဖြာစုံမိုး ပူဇော်၏။
  (သံဃံသရဏံ ဂစ္ဆာမိ)။

ရတနာပန်းခင်းမဂ္ဂဇင်း၊
ဩဂုတ်၊ ၂၀၁၃။

mgyoe.com

mgyoe.com

# အိပ်ရာဝင် အိပ်ရာထ

- ဗုဒ္ဓဘာဂဝါ၊ ကြည်ညိုစွာ
  စဉ်သာရိုကျိုး၊ ကျွန်ရှိခိုး၏
  **'ဗုဒ္ဓံ ပူဇေမိ'** ပါဘုရား။

- ဓမ္မဒေသနာ၊ ဦးခိုက်ကာ
  စဉ်သာရိုကျိုး၊ ကျွန်ရှိခိုး၏
  **'ဓမ္မံ ပူဇေမိ'** ပါဘုရား။

- ထေရ်မြတ်သံဃာ၊ ဆည်းကပ်ကာ
  စဉ်သာရိုကျိုး၊ ကျွန်ရှိခိုး၏
  **'သံဃံ ပူဇေမိ'** ပါဘုရား။

ရတနာပန်းခင်းမဂ္ဂဇင်း၊
ဒီဇင်ဘာ၊ ၂၀၁၇။

mgyoe.com

mgyoe.com



# အဖြေပေးပါ

■ မနေ့ညက ဦးဦးလာ
မုန့်ဖိုးပေးခဲ့တာ၊
သားသားအိတ်မှာ သိမ်းကာထား
ရေမတွက်မကြည့်အား။

■ လမ်းထိပ်သွားလို့ မုန့်သည်မျှော်
ဟော… ဗျ လာပြီနော်။
ပုစွန်ကွက်ကြော် ဝယ်လာခဲ့
"ငါးရာ" ကျသတဲ့။

■ အဲဒါနဲ့လည်း သားစိတ်တွင်
ဘဝင်မကျချင်၊
ထပ်ပြီးတော့လျှင် "နှစ်ရာ" ဖိုး
တုတ်ထိုး… ဝယ်သဗျို။

■ တစ်ရေးနိုးတော့ လက်ကျန်ငွေ
ပြန်ပြီးလို့တွက်ရေ၊
"သုံးရာ" ကျပ်ငွေ ကျန်နေဆဲ
ဦးဦးပေးတာ ဘယ်လောက်လဲ။ ။

ရတနာပန်းခင်းမဂ္ဂဇင်း၊
အောက်တိုဘာ၊ ၂၀၁၃။

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com



## အနန္တငါးဖြာ

■ သရဲတစ္ဆေ မကြောက်ပါ
ဘယ်လောက် မှောင်မှောင်ကွာ၊
အားကိုးစရာ အရှိသား
ရတနာမြတ်သုံးပါး။

■ ရွှတ်ဖတ်ပွားလို့ သရဇ္ဈာယ်
ဂုဏ်တော် အသွယ်သွယ်၊
နဘယ်ကွယ် ဘေးမရှိ
အေးချမ်းလှပါ၏။

■ ဆရာ,မိဘ ရှေ့တန်းတင်
ပူဇော်ကြ နေ့စဉ်၊
ငါးပါးဂုဏ်အင် မမေ့ဘူး
လက်အုပ်ကြာမှ ဖူးတယ်လေး။ ။

ရတနာပန်းခင်းမဂ္ဂဇင်း၊
ဖေဖော်ဝါရီ၊ ၂၀၁၇။

mgyoe.com

mgyoe.com

# သားသားမုန့်မျိုးစုံ



mgyoe.com



# သားသားမုန့်မျိုးစုံ

■ မုန့်လက်ကောက်ကြော် ဝိုင်းစက်နေ
သားသားလိုမ့်တဲ့ငွေ၊
မုန့်လေပွေရယ်ကြီးပဲ့ဗျား
ဆန်ကောချပ်လိုပြား။

■ ကိတ်ခြောက်ဝါးတော့ ဂျွမ်းဂျွမ်းမြည်
သူ့ခိုးလန့်လောက်သည်၊
စေတီသဖွယ်ပုံစံလုပ်
အုန်းသီးမုန့်ဖက်ထုပ်။

■ ပြောင်းဖူးပြုတ်က စောင်လေးခြုံ
စားတော့ဖယ်လိုက်ရုံ၊
ရသာစုံအောင် အကြိုက်ဆွဲ
ကောက်ညှင်းထမနဲ။

■ ထန်းလျက်ပဲလှော် လိုက်ဖက်စွာ
ဝါးလို့ကောင်းပဲ့ဗျာ၊
ဖွဲနုရသာ တမြုံ့မြုံ့
သားသားကြိုက်တဲ့မုန့်။ ။

ရတနာပန်းခင်းမဂ္ဂဇင်း၊
နိုဝင်ဘာ၊ ၂၀၁၇။

mgyoe.com

mgyoe.com

# သစ်ပင်ချစ်သူ

■ ကမ္ဘာမြေရဲ့ အသက်သခင်
သစ်တောနဲ့သစ်ပင်
လောကဝန်းကျင် ငြိမ်းအေးချမ်း
လွှမ်းခြုံ စိမ်းစိမ်းလန်း။

■ စည်းမဲ့ကမ်းမဲ့ ခုတ်လှဲသူ
တားမြစ်အရေးယူ၊
ထို့အတူပင် သယံဇာတ
ပေါင်းစုထိန်းသိမ်းကြ။

■ သဘာဝရဲ့ လက်ဆောင်ပဏ္ဏာ
ခံယူတတ်မှသာ၊
ဖိုးထိုက်ရတနာ အမွေစု
ထိုက်ထိုက်တန်တန် ဆု။

■ ဥတုရာသီ တောကိုမှီ
ဆောင်ပုဒ်နှင့်အညီ၊
မြေဆီလွှာတွေ မခန်းဖို့...
ရေထု လေထု သန့်ရှင်းဖို့...
ပူနွေးမှုတွေ အေးမြဖို့...
ပေါင်းစုချစ်ကြည်ညီညာလို့...
သစ်ပင်စိုက်ကြစို့။ ။

ရတနာပန်းခင်းမဂ္ဂဇင်း၊
ဇန်နဝါရီ၊ ၂၀၁၅။

mgyoe.com

mgyoe.com



## က,ကာ,ကား

■ ကကြီးရေ 'က' ကြည့်စမ်းပ
ဦးရွှေရိုးကြီး... က။

■ ကကြီးရေးချ 'ကာ' ဖြစ်လာ
ဝင်းခြံလုံဖို့... ကာ။

■ ကာရဲ့နောက်မှာ ဝစ္စပေါက်ထား
ဘယ်သွားချင်လဲ တက်ပါဗျား
စီးနင်းစရာ 'ကား'။
က, ကာ, ကား... က, ကာ, ကား။ ။

ရတနာပန်းခင်းမဂ္ဂဇင်း၊
အောက်တိုဘာ၊ ၂၀၁၇။

mgyoe.com

mgyoe.com

# တာဝန်ကျေသူများ




mgyoe.com

mgyoe.com



# တာဝန်ကျေသူများ

■ ကြောင်လေးတိုးမောင် အမြီးထောင်
အော်ပေါ့ 'တညောင်ညောင်'၊
'တဝုတ်ဝုတ်' ဟောင် အမြီးလှုပ်
ရန်လုံ အစွမ်းထုတ်။

■ ညဘက်ကြွက်ခုတ် တိုးမောင်ကို
မေကြီးအချစ်ပို၊
ငါးစိမ်း,ငါးစို နယ်ဖတ်ကျွေး
တိုးမောင် အကြိုက်လွေး။

■ ညရေးညတာ လုံခြုံပေ
ရန်လုံ တာဝန်ကျေ။
အမဲရိုးတွေ ဖေကြီးကျွေး
ရန်လုံ အကြိုက်လွေး။

■ တစ်နေ့ပေးစာ တစ်နေ့တာ
သားသား စာကျက်ရာ၊
ကျောင်းသင်ခန်းစာ အကုန်ရ
ဖေကြီး, မေကြီး သဘောကျ
ဆုတော်ငွေတွေ ချတယ်လေး။ ။

မတ်၊ ၂၀၁၆။

mgyoe.com

mgyoe.com

## မီး

■ ကိုယ့်အိမ်ကိုယ့်ယာ ကိုယ့်မြို့တွင်
"အမှိုက်" ကင်းစေချင်၊
ကိုယ့်ပတ်ဝန်းကျင် သန့်ရှင်းမှ
အမြင်ကြည်လင်စွ။

■ အမှိုက်ကစ လောင်တတ်တာ
သတိပြုကြပါ၊
မီးလောင်တဲ့ခါ ပြုတ်ပြုတ်ပြုန်း
မွဲပြာကျမဆုံး။

■ မီးကိုသုံးတဲ့ အချိန်တွေ
စည်းကမ်းရှိကြစေ၊
ရန်သူ မိတ်ဆွေ ကွဲကွဲပြား
ခွဲခြားတတ်စေသား။

■ ရန်သူငါးပါး အန္တယ်တော်
မိတ်ဆွေဖြစ်ဖို့နော်၊
အကျိုးမျှော်ကာ သာယာရေး
နှိုးဆော်ပါရဲ့လေး။ ။

ရတနာပန်းခင်းမဂ္ဂဇင်း၊
ဇွန်၊ ၂၀၁၃။

mgyoe.com

mgyoe.com



# ရှောင်စေ ရှားစေ

■ တံတားဦးက 'ကွမ်း' နှုဝါ
ငန်းမြှာက 'ဆေး' ပါ၊
စစ်ကိုင်းကလာ 'ထုံး' တဲ့လား
ပြည်မြို့ထွက်တဲ့ 'ရှား'။

■ အသာဝါးလို့ ထွေးလိုက်လျှင်
ကွမ်းသွေးနီကြင်ကြင်၊
မစားစေချင် ရှောင်ကြဉ်ကွဲ့
ရောဂါဖြစ်တတ်ရဲ့။

■ အာနဲ့ခံတွင်း လျှာတစ်ထွေ
ကင်ဆာ အမြစ်မွှေ၊
အရည်မရ ဖတ်မရ
ရှောင်ကြဉ်သင့်ပေစွ။ ။

ရတနာပန်းခင်းမဂ္ဂဇင်း၊
ဩဂုတ်၊ ၂၀၁၆။

mgyoe.com

mgyoe.com

# မြေးလေးချက်စု

■ ဘူးနွယ်လိမ်လေး ကြည့်လိုက်ပါ
ဘာနဲ့ တူလဲကွာ၊
ချက်စု သေချာစဉ်းစားတော့
'စပရိန်' ပဲပေါ့။

■ ကန်စွန်းပွင့်လေး ကြည့်လိုက်ပါ
ဘာနဲ့ တူလဲကွာ၊
ချက်စု သေချာစဉ်းစားတော့
'အော်လန်ကြီး' ပဲပေါ့။

■ ကြေးနှုတ်သီးလေး ကြည့်လိုက်ပါ
ဘာနဲ့ တူလဲကွာ၊
ချက်စု သေချာစဉ်းစားတော့
'ပလာယာ' ပဲပေါ့။

■ ဘောက်ဖတ်ကလေး ကြည့်လိုက်ပါ
ဘာနဲ့ တူလဲကွာ၊
ချက်စု သေချာစဉ်းစားတော့
'မီးရထား' ပဲပေါ့။

■ ဘိုးဘိုးကြီးက မိုက်ပူပူ
ဘယ်အရာနဲ့တူ။
ချက်စုဖြေပေါ့ စပ်ဖြိုးဖြိုး
ရာဝင်စဉ့်အိုးကြီးတဲ့လေး။ ။

ရတနာပန်းခင်းမဂ္ဂဇင်း၊
ဇွန်၊ ၂၀၁၇။

mgyoe.com

mgyoe.com



# မေကဆုန်

■ ရာသီနွေလ ဂိမ္ဟန္တ
ပူလောင် ပြင်းပေစွ။

■ ရိုးတံမြည္ဟာ ပုရစ်ချို
ဖူးခက်ဝေဝေစည်၊
တိမ်ပြာကြည်ကြည် နောက်ခံထား
မေလ ပန်းချီကား။

■ ရေနည်းငါးတို့ ညှိုးငယ်အင်
သနားစဖွယ်ပင်၊
ခံစားကြင်နာ အာရုံညွှတ်
အသက်ဘေးမဲ့လွှတ်။

■ ကြည်ညိုအထွတ် မြတ်စေ
ပင်ညောင်ဗုဒ္ဓဟေ၊
သွန်းကြညောင်ရေ စိတ်ကြည်မွေ့
ကဆုန်လပြည့်နေ့။ ။

ရတနာပန်းခင်းမဂ္ဂဇင်း၊
မေ၊ ၂၀၁၆။

mgyoe.com



mgyoe.com

mgyoe.com



## မင်္ဂလာနှစ်သစ်

■ ဆယ်နေကဲ့သို့ ပမာပေ
ပူပြင်းလှတဲ့ နွေ
တိုက်ခတ်နေတဲ့ လေဆိုလည်း
ပူပြင်းလှသည်ပဲ။

■ သည်လိုနွေထဲ ကြဲ့ကြဲ့ခံ
မြဖူး ခိုင်ညှာတံ၊
လွမ်းဖွယ်ကာရန် သံချိုနှော
ငှက်ငယ် ရွှေဥသြ၊

■ ကောင်းကင်တစ်ကြော မှိုင်းညို့ရီ
တိမ်တောင်တိမ်လိပ်ချီ၊
ဂျိုးဂျိမ့်သံမြည် ရွာသွန်းဖြိုး
ဖက်ဆွတ် သင်္ကြန်မိုး။

mgyoe.com

mgyoe.com


■ ပြုံးပြုံးပြက်ပြက် ဝင်းထိန်ဝါ
ပိတောက် ပွင့်ဝတ်လွှာ၊
လေပြည်ထဲမှာ ပန်းသတင်း
ဆွတ်ပျံ့ တသင်းသင်း။

■ သင်္ကြန်သီချင်း မြူးကြွခုန်
တူးပို့ ဇေတိုးဗုံ၊
အရွယ်စုံတို့ ဆင်ယင်နွှဲ
အတာရေသဘင်ပွဲ။

■ မောင်တို့တွေလည်း မာပါစေ
ကောင်းမြတ်ဆုမွန်ခြွေ
မယ်တို့တွေလည်း မာပါစေ
တောင်းဆု တဝေဝေ၊
ကောင်းမှုထွေထွေ အမွေနှစ်
မင်္ဂလာနှစ်သစ်။ ။

ရတနာပန်းခင်းမဂ္ဂဇင်း၊
ဧပြီ၊ ၂၀၁၈။

mgyoe.com

mgyoe.com



## ညကိစမ်းကဗျာ

■ ဘယ်သူကိုမှ မပြောက်ပင့်
ကိုယ်ပိုင်မူဟန်နှင့်။

■ ဘယ်သူတွေဖြင့် လာမကူ
စိတ်ထဲ မကွက်သူ။
ကိုယ့်ရဲ့မူနဲ့ ကိုယ့်အိမ်ဆောက်
လက်ရာအလွန်မြောက်။

■ အံ့ဩလောက်ဖွယ် စွမ်းဆောင်တာ
ဘယ်သူပါလဲကွာ၊
သူ့နာမည်မှာ နှစ်လုံးရှိ
သဲလွန်စ ရှာကြည့်။ ။

ရတနာပန်းခင်းမဂ္ဂဇင်း။

(ဝိုယ်ဒ်ဂ ။ ။၈၂၁၉၈)

mgyoe.com

mgyoe.com


# ဆောင်းနံ့နက်ခင်း

■ ဆောင်းတွင်းနံနက် အရုဏ်တက်
ဘိုးဘိုးနဲ့အတူ ခပ်သွက်သွက်၊
သားလည်း လမ်းလျှောက်ထွက်။

■ နှင်းပုလဲစက်၊ တွဲခိုသီ
ခဝဲဝတ်မှုန်စီ၊
မြောက်ပြန်လေပြည် တသွေးသွေး
ကျေးငှက်စုံညီ ခွန်းဆင့်ကြွေး
မိုးသောက်ယံရဲ့တေး။

■ ခြေလက်ကွေးဆန့် ခန္ဓာကိုယ်
ချွေးတို့ တစိုစို၊
ကျန်းမာနုပျို သက်ရှည်ဖို့
စောစောအိပ်ထ ပြုကျင့်လို့
လမ်းလျှောက်ကြပါစို့။ ။

ရတနာပန်းခင်းမဂ္ဂဇင်း၊
ဇန်နဝါရီ၊ ၂၀၁၈။

mgyoe.com

mgyoe.com



# စာကြည့်တိုက်မှ တစ်ဆင့်

■ စာကြည့်တိုက်ဟာ ရတနာ
တန်ဖိုးကြီးလှစွာ၊
အသိလိမ္မာ ဝေဆာဖြိုး
ပညာမြတ်ရွှေအိုး။

■ တက်ကြွနိုးကြား၊ ဖတ် မှတ်ကုန်
သုတ ရသစုံ၊
အသိဖူလုံ ဖြန့်ဝေငှ
သွားရောက် အသုံးချ။

■ စာပေမြင့်မှ တို့တိုင်းပြည်
ဖွံ့ဖြိုး တိုးတက်မည်၊
ဦးနှောက်ဉာဏ်ရည် ထက်စေဖို့
ဘဝဂုဏ်ရည် တက်စေဖို့
စာဖတ်ကြပါစို့။ ။

ရတနာပန်းခင်းမဂ္ဂဇင်း၊
ဖေဖော်ဝါရီ၊ ၂၀၁၅။

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com



## မျိုးချစ်ငှက်

■ အရှေ့ဆီမှာ ခပ်ယှဲ့ယှဲ့
ရောင်နီတလဲ့လဲ့။

■ တစာစာနဲ့ ခွန်းဆက်ပြီ
ရွှေကျီးလေး အာနီ၊
ရုပ်ရည်အဆင်း ပကတိ
မည်းနက်လှပါဘိ။

■ အမျိုးထိတော့ မချိပေါင်
ဖွဲ့သတ္တိရှေ့ဆောင်၊
ဘေးထွက်မရှောင် ရင်ဆိုင်မြဲ
လုံးဝ သွေးမကွဲ။

■ ဘယ်သူခွဲခွဲ မရပါ
စံပြနမူနာ၊
စည်းလုံးညီညာ စဉ်မပျက်
အမျိုးချစ်တဲ့ငှက်။ ။

ဇူလိုင်၊ ၂၀၁၆။

mgyoe.com